# မြဝတီမင်းကြီးဦးစ၏တွဲ့သီချင်းများ

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မသီတာမြင့်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

ပါရဂူဘွဲ့အတွက်တင်သွင်းသော **"မြဝတီမင်းကြီးဦးစ၏ ဘွဲ့သီချင်းများ လေ့လာချက်"** ကျမ်းကို ဂီတရှုထောင့်မှ လေ့လာခြင်းမဟုတ်မူ၍ စာပေရှုထောင့်မှ လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် ဘွဲ့သီချင်းဝေါဟာရ၊ ဘွဲ့သီချင်းသမိုင်းကြောင်း၊ ဘွဲ့သီချင်းရေးဖွဲ့သီဆိုပုံ၊ ဘွဲ့သီချင်းစာဆိုများဟူ၍ အခန်းကဏ္ဍအသီးသီးပိုင်းကန့် လေ့လာတင်ပြထားသည်။ အကြောင်းအရာပိုင်းအနေဖြင့် ဘွဲ့သီချင်း(၅၃)ပုဒ်တို့၏ အကြောင်းအရာကို လေ့လာတင်ပြထားသည်။ ထိုသို့လေ့လာရာတွင် ဘုန်းတော်ဘွဲ့သီချင်းများ၏ နောက်ခံအဖြစ်အပျက်များ၊ မင်္ဂလာတော်အခမ်းအနားများဆိုင်ရာ ဘွဲ့သီချင်းများ၊ ဇာတ်ဝင်တေးဘွဲ့သီချင်းများ၊ မယ်ဘွဲ့ ဘွဲ့သီချင်းများ၊ ပန်းမန်ဘွဲ့ ဘွဲ့သီချင်းများ၊ မြို့ဘွဲ့ ဘွဲ့သီချင်းများ၊ ဆိုင်းတော်ဘွဲ့ ဘွဲ့သီချင်းများ၏ အကြောင်းအရာပိုင်းတို့ကို တတ်စွမ်းသရွေ့ လေ့လာထားပါသည်။ မြဝတီမင်းကြီးဦးစ၏ ကဗျာဂုဏ်ရည်ကို လေ့လာချက်အပိုင်းတွင်လည်း ပုဒ်ဖြည့်စကားလုံး(ပဒပူရဏ)၊ အသံဖြည့်စကားလုံး(သဒ္ဒပူရဏ)တို့ဖြင့် ဘွဲ့သီချင်း၏ ရေးစပ်သီကုံးပုံ၊ စကားလုံးအသုံးအနှုန်းပိုင်းတို့ကို မြန်မာစာပေအမြင်ဖြင့် လေ့ထာတင်ပြထားပါသည်။ ထို့အပြင် အလေ့လာခံ ဘွဲ့သီချင်း(၅၃)ပုဒ်ကို မူကွဲများနှင့် တိုက်ဆိုင်တည်းဖြတ်ကာ နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။